## အရေပြားရောဂါအတွက် အခက်မတွေ့စေဖို့

အရေပြားရောဂါအတွက် သီသင့်သီထိုက်တဲ့ ဗဟုသုတများကို ကဗျာများအနေနဲ့ ဖော်ပြပေးလိုက်ပါတယ် ။ ဒါပေ မယ့် ဒီကဗျာလေးတွေဟာ ကျွန်တော့်ရဲ့ကိုယ်ပိုင်ကဗျာများ မဟုတ်ပါဘူး ။ ကျွန်တော်တို့ရဲ့ ဆရာမ ဒေါက်တာ မြတ်စန္ဒာကျော်ရဲ့ အရေပြားရောဂါဆိုင်ရာကဗျာများပဲ ဖြစ်ပါတယ် ။ ဆမ မွမ်းမံသင်တန်း တက်တုန်းက ရရှိခဲ့တဲ့ လက်ကမ်းစာစောင်လေးထဲက ကဗျာများပဲ ဖြစ်ပါတယ် ။ မိမိတို့ရဲ့ ကလေးငယ်များနှင့် မသိသေး သူများကို ကဗျာလေးတွေ လက်ဆင့်ကမ်းပေးခြင်းအားဖြင့် အရေပြားရောဂါအတွက် အခက်မတွေ့ကြပါစေနဲ့လို့ ဆုတောင်း ပေးလိုက်ပါတယ် ။



### ဝက်ခြံ

အနီဖု အနီစက် ကျောမျက်နှာ
ဆယ်ကျော်သက်တွေ ပိုဆိုးတာ
ထုံး သနပ်ခါး မိတ်ကပ်ဖုံး ပိုကြီးလာ
မမွဲ့မှီက ကုတ်လို့ခြစ်
ပြည်တည်ရောင်တဲ့မျက်နှာဖြစ်
အမည်းစက် အနာရွတ် ပြည့်ကျန်ရစ်
မိတ်ကပ်ထူထူ လိမ်းဖို့ကာ
Skinar ငှက်နစ်ကောင် ပိုဆိုးနိုင်
သားနှင့်သမီးမပြုံးနိုင်

စနစ်တကျ ကုမှနိုင် ။
မျက်နှာကို သန့်စင်စင်ထား
မှန်မှန်အိပ်ကာမှန်မှန်စား
ဗုဒ္ဓဂုဏ်တော်ရွတ်မှတ်ပွား
ကြည်လင်ရွှင်ပြနေပါလား
ဝက်ခြံဖုတွေထွက်ပြေးသွား။



**ဆိုရီးယားစစ်**

ဆိုတာဟာ
အကြေးအထပ်နီတဲ့ရောဂါ
ဘာကြောင့်ဖြစ်လဲမမေးနဲ့
Auto Immune တဲ့
(ကိုယ်ဘာကိုယ် မတည့်တဲ့)
ကုတ်ရာခြစ်ရာ ဖြစ်တတ်တာ
Koebner's လို့ခေါ်တာ
ခေါင်းကိုယ်ခြေလက်
လက်သည်းကွက်
နင်းရူပွေးနဲ့ တူပါရဲ့
ဖြစ်လိုက် ပျောက်လိုက်တပြန်စီ
Pred : Dexa ရှောင်ရမည်
အကြေးအထပ်လှန်ကာကြည့်
သွေးစို့ဟာကိုသိ (Austpitz)
မကူးစက်တာသတိထား
ဗဟုသုတမှတ်ပါလား




## ဝဲရောဂါ

ညဆိုယားတာဝဲရောဂါ
ဘရိတ်ဒန့်ကလို့ ကုတ်ရတာ
ယားတိုင်းကုတ်လည်း ကုတ်မပြေ
အသားပြဲထွက်ပြည်စို့နေ
အတူနေ တစ်မိသား ၊ အားလုံးဝဲကူးသွား ။
" ဘက်နီဗိတ်နဲ့ ငှက်နစ်ကောင်" ( ယားနာပျောက်ဆေး)
ဝဲကိုခဏ သက်သာသယောင်
တကယ်ဆို မပျောက်ဘဲ
ဝဲသံသရာမှာ နစ်နေဆဲ
ဝဲစွဲသေချာမကုရင်
ကျောက်ကပ်ထိခိုက် ပိုးကဂင်
ဆေးမှန်ရင်တောင်စနစ်မကျ
အရေပြားပိုရောင် ရောဂါကြွ
သန့်ရှင်းသေချာကုပါမှ
တစ်မိသားလုံးကုပါမှ(တစ်ချိန်တည်းလည်းကုပါမှ)
ဝဲပျောက်မည်မုချ ။



## ခရုသင်းနှင့် သမင်ဖြူ

အရေပြားကစွတ်စွတ်ဖြူ
ဘေးအသားနဲ့ မူကွဲပြား
ထုံကျင်နာယားမခံစား
ကုတ်ရင်ခြစ်ရင် အသစ်ဂင်
တကာယ်ကုရင်မနိုင်ချင်
နစဉ်ကုရင်ပျောက်နိုင်သည်
လည်ပင်းကြီး ဆီးချိုဖယ်ရမည်
ဖြစ်သူတိုင်းမျိုးရိုးမဟုတ်
ဖြစ်နိုင်သူချည်းအကုန်ဟုတ်
ရောဂါပိုးတွေမဟုတ်ခဲ့
ကူးစက်ပွားမှာမကြောက်နဲ့။



## ပွေး

အနားထူတဲ့ပွေးကွက်ကလေး အရေပြားကိုဒုက္ခပေး
ဆေးမြီးတိုနဲ့ ပျောက်သယောင် တကယ်ကျတော့မလွယ်ပေါင်
အကြေးလေးတွေအထပ်ထပ် ရေထိလွန်းရင်အနာမချပ်
ကုတ်လို့ကောင်းလေပိုကုတ်လေ လက်သည်းကူးတာ ဖွေးဆိုးလေ
ဒက်ကုတ်ရင်လည်း လက်သည်းပျက် ဆေးကုငွေကုန်အလုပ်ပျက်
သဲဂဲ ရေဂဲ မကုထား ခြေသည်းတွေလည်း ပိုးတွေစား
ခါးမသန့်ရင် ကိုရင်များ သင်တုန်းခါးနဲ့ ပွေးတွေပွား
ဘယ်တော့ဖြစ်ဖြစ် ခေါင်းရိတ်ရင် တစ်ခါသုံးကို သုံးစေချင်
ငှက်နစ်ကောင် ၊ ဘက်နီဖိတ်
ပွေးဒက် မကုနိုင်မှတ်ပါလိမ့်
မထိတထိ ဆေးကုရင် တစ်ကယ်ကုတော့ မပျောက်ချင်
စနစ်တကျ ကုမှသာ ပွေးဒက် ရောဂါပျောက်တော့မှာ
သန့်သန့်ရှင်းရှင်း နေပါလား ပြန်ဖြစ်တာကို ကာကွယ်ထား ။
Credit : ဒေါက်တာမြတ်စန္ဒာကျော်

သက်တန့်ချို
13 May 2010